
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

### တိုက်ပွဲများ၊ အပြန်အလှန်ပစ်ခတ်မှုများ၊ အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ




တိုင်းရင်းသားဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာတွင် ကျဆင်းသွားခဲ့ရာမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်း ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့်အတူ ပြန်လည်မြင့်တက်လာခဲ့သည်။ လက်ရှိအချိန်တွင် တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားနေသော တိုက်ပွဲများအပြင် ဒေသခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား ပစ်ခတ်တိုက်ခိုက်မှုများလည်း ပိုများလာပါသည်။ အဆိုပါ တိုက်ပွဲများနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၀၂၁ ခုနှစ် ဧပြီလအတွင်း အများဆုံးဖြစ်ခဲ့ပြီး ၃၆ ဦး ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ ဇွန် ၂၃ ရက်အထိ ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးမှု ၁၁၆ ဦးကျော် ရှိခဲ့ပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)

### တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

**စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုင်းရင်းသား လက်နက်ကိုင်နယ်မြေများအတွင်း ဖြစ်ပွားသောတိုက်ပွဲများ**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်း ဒေသများတွင် တိုက်ပွဲဖြစ်ပွားမှု စုစုပေါင်း ၄၇၁ ကြိမ်ထက်မနည်း ရှိခဲ့ပါသည်။ အများစုမှာ KNU နယ်မြေများအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများဖြစ်သည်။ KNU ၏ ထုတ်ပြန်ချက်အား ကိုးကားခဲ့သည့် KIC သတင်းဌာနက **မေလအတွင်း စစ်ကောင်စီနှင့် KNLA တပ်မဟာ-၅ တို့အကြား တိုက်ပွဲပေါင်း ၁၉၃ ကြိမ်ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်မှ ၁၂၈ ဦး သေဆုံးကာ ၁၈၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း** ဖော်ပြခဲ့သည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)

### တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

### ■ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီအကြားဖြစ်ပွားသော ပစ်ခတ်တိုက်ခိုက်မှုများ




၂၀၂၁ ခုနှစ် ဧပြီလမှစ၍ အာဏာသိမ်းစစ်ကောင်စီနှင့် ဒေသအချို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြားတွင်လည်း အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိပြီး အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ရှိလာခဲ့သည်။ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အရပ်သားသေဆုံးသူ ၂၈ ဦး ရှိခဲ့ပြီး အများဆုံးဖြစ်သည်။ ဧပြီမှ ဇွန် ၂၃ ရက်အထိ ဖြစ်ပွားခဲ့သော အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးသူ၃၆ဦး၊ထိခိုက်ဒဏ်ရာရရှိသူ၁၁ဦးထက်မနည်းရှိလာခဲ့သည်။**ယခုဖော်ပြပါအချက်အလက်များသည်အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း အရပ်သားသေဆုံးရမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ စာရင်းကိုသာ ကောက်ယူထားခြင်းဖြစ်ပြီး နှစ်ဖက်တပ်ဖွဲ့များ၏ ကျဆုံး၊ ထိခိုက်ဒဏ်ရာရစာရင်းကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။**

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)

### တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

### နေရပ်စွန့်ခွာ စစ်ပြေးဒုက္ခသည်များ

စစ်အာဏာသိမ်းပြီးနောက်
တိုးလာသည့်အရေအတွက်

**၂၂၈,၀၀၀+**

ပြည်တွင်းဒုက္ခသည်
စုစုပေါင်း

**၇၂၅,၅၀၀+**

**၄၉၇,၅၀၀+**

ယခင် ရှိထားသော
အရေအတွက်

ပြည်ပဒုက္ခသည်
စုစုပေါင်း

**၉၇၂,၀၀၀+**

မြန်မာ-ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင်
မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာလာရသူ စစ်ပြေးဒုက္ခသည်ပေါင်း
၉၂,၀၀၀ ကျော် ရှိနေပြီး၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊
ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းတွင်လည်း ရိုဟင်ဂျာဒုက္ခသည်
၈၈၀,၀၀၀ ကျော် ရှိနေသည်။

လက်နက်ကိုင် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသူ စစ်ပြေးဒုက္ခသည် အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ စုစုပေါင်း ၇၂၅,၅၀၀ ကျော် ရှိလာသည်။ အဆိုပါ ပမာဏအနက် ၂၂၈,၀၀၀ ကျော်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ စစ်အာဏာသိမ်းပြီးနောက် တိုးလာသည့်အရေအတွက်ဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၇ ရက်အထိ စစ်ဘေးရှောင်ဒုက္ခသည်အရေအတွက် ၇၇,၁၅၄ ကျော် **(အလေးထားရမည့်အကြောင်း အချက်များ အမှတ်-၂၇ကိုရှု)** ရှိခဲ့ရာမှ ယခု ၂၂၈,၀၀၀ ကျော်အထိ ရှိလာသဖြင့် တလအတွင်း ၁၅၀,၈၄၆ ကျော် တိုးလာခဲ့ခြင်းဖြစ်သည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသည့် စစ်ပြေးဒုက္ခသည်အရေအတွက်




စစ်အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲများ ပြင်းထန်လာသည့်အပြင် ဒေသအသီးသီးမှ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် အာဏာသိမ်းစစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်မှုများလည်း ရှိလာပါသည်။ ဧပြီလမှစ၍ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် စစ်ကောင်စီတို့အကြား ပစ်ခတ်မှုများ ဖြစ်ခဲ့သည်။ ကယားပြည်နယ်အတွင်း မေလမှစ၍ ဖြစ်ပွားခဲ့သော ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စစ်ကောင်စီတို့အကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူ ၁၀၀,၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)

## တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်ပြေးဒုက္ခသည်များ တိုးပွားလာသည့်အကြောင်းရင်း

**ကယားပြည်နယ်**

မေလမှစ၍ ကယားပြည်နယ်အတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် ကရင်နီ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် စစ်ရှောင်ပြည်သူ တသိန်းကျော်အထိရှိလာသည်။ ကယားပြည်နယ်တွင် နေထိုင်သူ ၂၈၆,၀၀၀ ကျော် ရှိခြင်းကြောင့် လူဦးရေ သုံးပုံတပုံကျော်မှာ စစ်ပြေးဒုက္ခသည်များ ဖြစ်လာသည်။

**ကရင်ပြည်နယ်**

မတ်လမှစ၍ ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲများပြင်းထန်လာသည်။ ဇွန် ၁ ရက်တွင် မြဝတီတောင်ဘက် ဖလူးရွာအနီးတွင် ခွဲထွက် (DKBA) အဖွဲ့နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိုင်းဘက်သို့ ဒေသခံ ၆၀၀ ခန့် တိမ်းရှောင်ခဲ့ရသည်။

**ချင်း၊ စစ်ကိုင်း၊ မကွေး**

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် စစ်ကောင်စီနှင့် ဒေသအတွင်းရှိ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့တို့အကြား ဧပြီလမှစ၍ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ပစ်ခတ်မှုများကြောင့် ချင်းပြည်နယ်တွင် စစ်ရှောင်ပြည်သူ ၁၅,၀၀၀ ကျော်၊ စစ်ကိုင်းတိုင်းတွင် ၁၅,၀၀၀ ကျော်နှင့် မကွေးတိုင်းတွင် ၁၀,၀၀၀ ကျော်အထိ ရှိလာသည်။

**ကချင်ပြည်နယ်**

စစ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်အတွင်း အာဏာသိမ်းစစ်ကောင်စီနှင့် KIA တို့အကြား တိုက်ပွဲများ ဆက်လက်ပြင်းထန်လျက်ရှိပြီး ဗန်းမော်နှင့် မိုးမောက်မြို့နယ်တို့တွင် မေလအတွင်း စစ်ဘေးရှောင်ပြည်သူ ၆၀၀ ခန့် ဘေးလွတ်ရာသို့ တိမ်းရှောင်လာခဲ့ကြသည်။

**ရှမ်းပြည်နယ်**

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်ကောင်စီတို့ကြားတွင်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ အချင်းချင်းကြားတွင်လည်းကောင်း တိုက်ပွဲများ ပြင်းထန်လာသည်။ ဇွန် ၁ ရက်မှစ၍ RCSS နှင့် SSPP အဖွဲ့တို့အကြား ၁၀ ရက်ကျော်ခန့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ ၁,၄၀၀ ထက်မနည်း ဘေးလွတ်ရာသို့ တိမ်းရှောင်ခဲ့ရသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၃)


တိုက်ပွဲများ၊ အရပ်သားသေဆုံးမှုများနှင့် စစ်ပြေးဒုက္ခသည်များ

(၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ ရက်အထိ)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက် ဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် အပြန်အလှန်ပစ်ခတ်မှုများကြောင့် အရပ်သားသေဆုံးရမှု ၁၁၆ ဦးကျော်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၁၁၀ ဦးကျော် ရှိခဲ့ပါသည်။ လအလိုက်ကြည့်မည်ဆိုပါက ဖေဖော်ဝါရီတွင် ၁၁ ဦး၊ မတ်တွင် ၁၆ ဦး၊ ဧပြီတွင် ၃၆ ဦး၊ မေတွင် ၁၄ ဦးနှင့် ဇွန်လအတွင်း သေဆုံးရသူ ၂၉ ဦး ရှိခဲ့သည်။ မတ် ၂၇ ရက်မှ ဇွန် ၂၃ ရက်အတွင်း စစ်ကောင်စီတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူ အရပ်သားအရေအတွက်မှာ ၂၅ ဦးကျော် ရှိခဲ့ပြီး ဒဏ်ရာရသူ ၂၈ ဦး ကျော်ရှိခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဇွန် ၂၃ အထိ ကိန်းဂဏန်းများကို ကြည့်ပါက တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများကြောင့် အရပ်သားသေဆုံးရမှုမှာ ၂၉၅ ဦးကျော် ရှိလာပြီး၊ ထိခိုက်ဒဏ်ရာရသူ အရေအတွက် ၆၄၈ ဦးကျော် ရှိလာသည်။ အခြားတဖက်တွင်လည်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုကို အာဏာသိမ်းစစ်ကောင်စီက အကြမ်းဖက် အင်အားသုံးဖြိုခွင်းမှုများကို အရှိန်မြှင့် လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်မှ ဇွန် ၂၃ ရက် အတွင်း သေဆုံးရသူ ၈၇၇ ဦးကျော် ရှိလာခဲ့ပါသည်။




ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar Peace Desk က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။